# စာရေးသူ၏ အမှာ

ဂျပန်စာကို လေ့လာနေသော ကျောင်းသားကျောင်းသူတိုင်းအားလုံးသည် Kanji ကို ကျွမ်းကျွမ်းကျင်ကျင် ရေးနိုင်၊ မှတ်နိုင်၊ ကျက်နိုင်မှသာ အဆင့်မြင့် Level ကို လေ့လာရာတွင် အဆင်ပြေနိုင်မည် ဖြစ်ပါသည်။ Kanji သည် ဂျပန်စာလေ့လာခြင်းရဲ့ အဓိက အစိတ်အပိုင်းတစ်ခု ဖြစ်နေလို့ပါ။

Kanji ကို လေ့လာရာတွင် ပုံစံတူ စာလုံးလေးများစွာ ရှိသောကြောင့် ကျက်မှတ်ပြီးသော Kanji များ ရောသွားသည့် အခက်အခဲကို အနည်းနှင့်အများ မလွဲမသွေ ရင်ဆိုင်ဖူးမယ်လို့ ထင်မိပါသည်။ မိမိကိုယ်တိုင်လည်း ဂျပန်စာလေ့လာနေဆဲသူတစ်ဦး ဖြစ်သည့်အတွက်ကြောင့် Kanji များ မေ့သွားသည့် ပြဿနာ၊ ရောသွားသည့် ပြဿနာကို ယနေ့တိုင် တွေ့ကြုံနေရဆဲဖြစ်ပါသည်။ ၂၀၁၈ ဒီဇင်ဘာက N1 စာမေးပွဲ ဝင်ရောက်ဖြေဆိုဖို့ Kanji လေ့လာတော့ ဒီအခက်အခဲကို ပိုပြီးကြုံတွေ့လိုက်ရပါတယ်။ အလုပ်တစ်ဖက်နဲ့ အချိန်လုပြီး စာကျက်နေတဲ့အချိန်မှာ ကိုယ်ကျက်ထားတဲ့ kanji က အရင်ကျက်ထားတဲ့ kanji တွေနဲ့ ပုံစံက ခပ်ဆင်ဆင်တူနေတာကြောင့် ခဏခဏရောပြီး မေ့မေ့သွားပါတယ်။ ပြန်ရှာတော့လည်း အလုံးရေ ၂၀၀၀ ကျော်ထဲက ပြန်ရှာရတော့ နံပါတ်စဉ်လည်း မမှတ်မိနိုင်တာကြောင့် အချိန်ကုန်ပြီး ပြန်ရှာမတွေ့တာက များပါတယ်။ ဒါ့ကြောင့် ကိုယ်အချိန်ပေးကျက်ထားတဲ့ kanji တွေက အရာမထင်သလို ခံစားလာရပါတယ်။ ဒါကြောင့် note စာအုပ်လေးထဲမှာ ပုံစံဆင်တူလေးတွေ ကိုယ်ရောနေတဲ့ kanji လေးတွေကို အလုံး ၂၀၀၀ ထဲကနေ အကြိမ်ကြိမ်အခါခါရှာပြီး စာအုပ်လေးထဲ ချရေးပြီးမှ တစ်စုတစ်စည်းထဲ ကျက်လိုက်တော့ အဆင်ပြေသွားပါတယ်။ group တူရာတူရာလေးတွေ စုပြီး တစ်ခါတည်းကျက်တော့ ကိုယ်ရောသွားရင်လည်း မြန်မြန် ပြန်ရှာပြီး ကျက်နိုင်သွားတဲ့အတွက်ကြောင့် အချိန်ကုန်လည်း သက်သာလာသလို ကိုယ်ကျက်ထားတဲ့ စာလေးတွေလည်း အရာထင်လာခဲ့ပါတယ်။ စာဆိုသည်မှာလည်း ကိုယ်မေ့နေတဲ့အချိန် မရှာဘဲထားတာထက် ချက်ချင်းရှာပြီး ကျက်လိုက်ရင် ပိုမှတ်မိတတ်ပါတယ်။ ထို့ကြောင့် မိမိအသုံးပြုခဲ့သည့် kanji ကျက်နည်းလေး၊ မိမိစုခဲ့တဲ့ kanji ဆင်တူစကားလုံး group လေးတွေကို ဂျပန်စာလေ့လာနေဆဲ ကျောင်းသားကျောင်းသူများနှင့် ယခုမှ စတင်လေ့လာမည့် ကျောင်းသား ကျောင်းသူများအတွက်ပါ အသုံးဝင်မည်ဟု ထင်မိသောကြောင့် ပြန်လည်မျှဝေလိုသည့်စေတနာဖြင့် ဤစာအုပ်လေးကို ပြုစုခဲ့ခြင်းဖြစ်ပါသည်။ ဤစာအုပ်ကို သုံး၍ စာကျက်နိုင်သည်သာမက စာကျက်ရာတွင် KANJI ဆင်တူစာလုံးလေး များ ရောသွားသောအခါ (သို့) ပုံစံတူစာလုံးလေးများကို တစ်စုတစ်စည်းတည်း လေ့လာလိုသောအခါ ဤစာအုပ်လေး အသုံးဝင်မည်ဟု ထင်မိပါသည်။ မိမိကိုယ်တိုင်လည်း လေ့လာနေဆဲသူဖြစ်တဲ့အတွက်ကြောင့် အမှားအယွင်းလေးများ ပါခဲ့ရင် နားလည်ပေးဖို့ မေတ္တာရပ်ခံပါတယ်ရှင်။ မိမိလေ့လာခဲ့ပုံလေးကို ပြန်လည်ဝေမျှလိုသည့်စိတ်နဲ့ ဒီစာအုပ်လေး ကို ပြုစုထားခြင်းသာဖြစ်ပါသည်။ ဤစာအုပ်လေးဖြစ်ဖို့အတွက် senior များရဲ့စာအုပ်များ စာများကိုလည်း လေ့လာ ခဲ့ရတာမို့ senior များကိုလည်း ဒီစာအုပ်လေးမှတစ်ဆင့် ကျေးဇူးတင်ပါသည်။ ဤစာအုပ်လေးနဲ့ပတ်သက်ပြီး သိချင်တာ မေးမြန်းချင်တာရှိလျှင်လည်း ၀၉ ၆၉၂၉၁၆၀၇၄ ကို ဖုန်းဆက်ပြီး မေးမြန်းနိုင်ပါသည်ရှင်။ စာအုပ်လေးကြောင့် kanji ကျက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲ အများကြီးမဟုတ်ရင်တောင် အနည်းအကျဉ်းတော့ ဖြေရှင်းနိုင်ကြပါ စေရှင်။

လေးစားစွာဖြင့်

**Yamin**
**(Yamin Japanese Language Center)**